# ပညာရေးတွင်ရိုးသားဖြောင့်မတ်မှုဆိုင်ရာမူဝါဒ

Brainworks-Total Group of School တွင် ကျွန်ုပ်တို့သည် စည်းကမ်းသည်မိမိထံမှစတင်သည်ဟုယုံကြည်သည်။ ကျောင်းသားများ၏ ပညာရေးရွေးချယ်မှုများအတွက် စာရင်းဇယားများနှင့်အဆင့်များကိုအလေးပေးသည့် ယှဉ်ပြိုင်မှုများပြည့်နေသောလူ့အဖွဲ့အစည်းတွင် Brainworks-Total Group of School သည် ကျောင်းသားများ၏ ပညာရေးအောင်မြင်မှုကိုများစွာအာရုံစိုက်ရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်သောလူသားများအဖြစ် ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အထူးအလေးထားဆောင်ရွက်ပါသည်။ ကျောင်းသားတစ်ဦး၏ ကိုယ်ကျင့်တရားဆိုင်ရာအသိစိတ်သည် ပညာရေးပတ်ဝန်းကျင်တွင် အခြေခံကျသည့်အရာဖြစ်ပြီး ၎င်းတို့၏အောင်မြင်မှုအတွက်အရေးကြီးသည်။ ကျောင်းသားများရင်ဆိုင်ရသည့်ဖိအားများကို ကျွန်ုပ်တို့နားလည်ပြီး ထိုဖိအားများကိုကျော်လွှားနိုင်စေရန် လမ်းညွှန်မှုများပေးနိုင်အောင်ကြိုးပမ်းလျက်ရှိပါသည်။ Brainworks-Total Group of School သည် ပညာရေးတွင် ရိုးသားဖြောင့်မတ်မှု၏တန်ဖိုးကိုအလေးထားသည်။

သင်ကြားခြင်း၊ သင်ယူခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှုသည် ပင်ကိုယ်ဖြောင့်မတ်မှုကိုမြှင့်တင်ပေးပြီး အခြားသူများနှင့်၎င်းတို့၏လုပ်ဆောင်ချက်များကို လေးစားမှုဖြစ်ပေါ်စေကာ ကျောင်းသားအားလုံးတွင် မိမိတို့သင်ယူထားသည့်အသိပညာနှင့်ကျွမ်းကျင်မှုများကိုပြသရန် တူညီသည့်အခွင့်အလမ်းရှိစေသည်။

**(IB Career-related Programme, From Principles into Practice)**

ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှုသည် ကျောင်းသားများ မိမိတို့ကိုယ်တိုင်လုပ်ဆောင်ချက်များကိုဖန်တီးနိုင်ရန်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ပညာရေးဆိုင်ရာမရိုးသားမှုသည် ကျောင်းသားတစ်ဦးက ၎င်းတို့မပိုင်ဆိုင်သည့်အသိပညာနှင့်ကျွမ်းကျင်မှုများကို ပိုင်ဆိုင်သည်ဟုပြသရန်ကြိုးပမ်းခြင်းဖြစ်သည်။

ပညာရေးဆိုင်ရာမရိုးသားမှုတွင် အောက်ပါတို့ပါဝင်သည် (သို့သော် ဤစာရင်းနှင့်ကန့်သတ်မထားပါ) -

- သင်ရိုးညွှန်းတမ်းနှင့် လက်တွေ့လုပ်ငန်းများတွင် ခွင့်ပြုချက်မရှိဘဲအကူအညီပေးခြင်း (သို့မဟုတ်) ရယူခြင်း၊ စာမေးပွဲများနှင့်လက်တွေ့စစ်ဆေးမှုများအတွင်း ခွင့်ပြုချက်မရှိဘဲအကူအညီရယူခြင်း၊
- စာမေးပွဲများနှင့်လက်တွေ့စစ်ဆေးမှုများအတွင်း ခွင့်ပြုချက်မရှိသောမှတ်စုများ၊ ပစ္စည်းများနှင့် ကိရိယာများကိုအသုံးပြုခြင်း။
- ပညာရေးဆိုင်ရာလုပ်ငန်းတစ်ခုအတွက် တင်ပြရန်ဒေတာများကိုလိမ်လည်ဖန်တီးခြင်း သို့မဟုတ် ပြုပြင်ခြင်း၊
- အလုပ်များကိုအဆင့်သတ်မှတ်ပြီးနောက် လေ့ကျင့်ခန်းများ၊ စာမေးပွဲများနှင့် လက်တွေ့စစ်ဆေးမှုများတွင် အဖြေများကိုပြုပြင်ခြင်း (သို့မဟုတ်) ထပ်ဖြည့်ခြင်း၊
- အခြားသူများ၏အလုပ်ကိုခိုးယူခြင်းနှင့် မူရင်းရင်းမြစ်ကိုသင့်လျော်စွာဖော်ပြချက်မပါဘဲ ကိုယ်ပိုင်အလုပ်အဖြစ်တင်ပြခြင်း။ အဆိုးရွားဆုံးအနေဖြင့် ခိုးယူခြင်းသည်တိကျသည့်ကူးယူခြင်းဖြစ်သော်လည်း၊ အခြားသူများ၏အမြင်များနှင့်အလုပ်များကို ပြန်လည်ရေးသားခြင်းသည်လည်း ခိုးယူခြင်းတွင်ပါဝင်သည်။

**"Fit Brains Gain More"** BRAINWORKS INTERNATIONAL SCHOOL

TAUNGGYI INTERNATIONAL SCHOOL Be immersed in Excellence

**တာဝန်များ**

❖ **ကျောင်းသားအားလုံး**

- ➢ ပညာရေးတွင်ရိုးသားဖြောင့်မတ်မှုဆိုင်ရာမူဝါဒနှင့် အကဲဖြတ်မှုဆိုင်ရာမူဝါဒကို နားလည်ရန်မျှော်လင့်ထားသည်။ မိမိတို့အလုပ်၏ ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှုအတွက် တာဝန်ယူရန်လိုအပ်သည်။
- ➢ ပညာရေးဆိုင်ရာ စာပေဆရာများ၊ ဘာသာရပ်ဆရာများနှင့် စာကြည့်တိုက်မှူးထံမှ လမ်းညွှန်မှုနှင့် အကူအညီကိုတက်ကြွစွာရယူမည်။

❖ **ဆရာများအားလုံး**

- ❖ ပညာရေးတွင်ရိုးသားဖြောင့်မတ်မှုဆိုင်ရာမူဝါဒနှင့် အကဲဖြတ်မှုဆိုင်ရာမူဝါဒကို နားလည်ရန်လိုအပ်သည်။ ဤမူဝါဒကို ခိုင်မာစွာ၊ တရားမျှတစွာနှင့် စနစ်တကျလိုက်နာကျင့်သုံးရန်လိုအပ်သည်။
- ❖ ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှုနှင့်ပတ်သက်သည့်ကိစ္စရပ်များကို မှတ်တမ်းတင်ပြီး ကျောင်းအုပ်နှင့်သက်ဆိုင်ရာညှိနှိုင်းကိုယ်စားလှယ်များထံ အစီရင်ခံရန်တာဝန်ရှိသည်။

❖ **မိဘအားလုံး**

- ➢ Brainworks-Total Group of School ၏ ပညာရေးတွင်ရိုးသားဖြောင့်မတ်မှုဆိုင်ရာမူဝါဒကို နားလည်ရန်လိုအပ်သည်။
- ➢ မိမိတို့ကလေးများ၏ တာဝန်များနှင့်အခြားပရောဂျက်များကို Brainworks-Total Group of School ၏ မူဝါဒများနှင့်အညီ ပံ့ပိုးပေးရန်မျှော်လင့်ထားသည်။
- ➢ ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှုနှင့်ပတ်သက်သည့် မည်သည့်အကျိုးဆက်ကိုမဆို နားလည်ပြီး လက်ခံရန်လိုအပ်သည်။ ထို့အပြင် ဆရာများကိုလည်း ပံ့ပိုးကူညီရန်လိုအပ်သည်။

**ပညာရေးတွင်ရိုးသားဖြောင့်မတ်မှုဆိုင်ရာမူဝါဒကိုချိုးဖောက်ခြင်း-**

ဆရာတစ်ဦးသည် ပညာရေးတွင်မရိုးသားမှုဆိုင်ရာချိုးဖောက်မှုကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းနိုင်သည် (သို့မဟုတ်) စာဖြင့်ကျောင်းအုပ်ချုပ်သူများထံသို့တင်ပြနိုင်သည်။ များသောအားဖြင့် မတော်တဆ (သို့မဟုတ်) အမှတ်မထင်ပြုလုပ်မိသည့် ပညာရေးဆိုင်ရာမရိုးသားမှုများကို သတိပေးချက်ဖြင့်ကိုင်တွယ်သည်။ သို့သော် ကျောင်းသားတစ်ဦးသည် စာမေးပွဲတွင်မတရားနည်းများအသုံးပြုနေသည်ကိုတွေ့ရှိပါက ထိုကျောင်းသား၏ စာမေးပွဲအဖြေလွှာကို သိမ်းဆည်းပြီး အဆင့်/အမှတ်ပေးခြင်းမှ ပယ်ဖျက်နိုင်သည်။ ထိုကျောင်းသားသည် ကျောင်းမှထုတ်ပယ်ခြင်းကိုလည်း ခံရနိုင်သည်။